# နေပြည်တော်သဘာဝပရဆေးဥယျာဉ်အဆင့်မြှင့်တင်
# တည်ဆောက်ရေးစီမံကိန်း

## ကျိုးကြောင်းဖော်ပြချက်

(၁၈-၆-၂၀၁၇)ရက်နေ့ နေပြည်တော်သဘာဝပရဆေး ဥယျာဉ်တိုးချဲ့ အဆင့်မြှင့်တင်ရေး ဗဟို ကော်မီတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ယခင်ဝန်ကြီးဌာနအလိုက် ခွဲဝေပေးထားသော စိုက်ကွက်အား ကျန်းမာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး တိုးချဲ့ဧရိယာ(၇၁)ကျော်အား လုပ်ငန်း ဆောင်ရွက်ရန် တာဝန်ပေး အပ်ခဲ့ပါသည်။

## ရည်ရွယ်ချက်

နေပြည်တော် ပရဆေးဥယျာဉ်တိုးချဲ့အဆင့်မြှင့်တင်ရေး စီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ အောက်ပါရည်ရွယ်ချက် များအတိုင်း ဆောင်ရွက်သွားပါမည်။

(က) ဝန်ကြီးဌာနအတွက် ခွဲဝေတာဝန်ပေးထားသော ရောဂါကြီး(၂)မျိုးပျောက်ကင်းသောပရဆေးပင် နှင့် တိုင်းနှင့်ပြည်နယ်အလိုက် ရှားပါး ပရဆေးပင်များ စိုက်ပျိုးရန်၊

(ခ) ခွဲဝေရရှိသော ဧရိယာအတွင်း ရာသီမရွေးအမြဲစိမ်းလန်းသော နှစ်ရှည် စားသုံးသီးပင်များနှင့် မျက်စိပသာဒရှိသော ရာသီအလိုက်ဖူးပွင့်သည့် ဆေးဖက်ဝင်ပန်းပင်များ စိုက်ပျိုးရန်၊

(ဂ) လုပ်သားပြည်သူများ တိုင်းရင်းဆေးနှင့်ပတ်သက်သော ဗဟုသုတ များရရှိစေရန် စံနမူနာပင်နှင့် ပျိုးပင်များ ရှာဖွေစုဆောင်းတင်ပြရန်တို့ ဖြစ်ပါသည်။

## ဝန်ကြီးဌာနအလိုက်တာဝန်ခွဲဝေထမ်းဆောင်ခြင်း

နေပြည်တော်သဘာဝပရဆေးဥယျာဉ် အဆင့်မြှင့်တင် တည်ဆောက်ရေး စီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအတွက် လက်ရှိ တာဝန်ခွဲဝေ ဆောင်ရွက်မှုမှာ ပရဆေးဥယျာဉ်အဝင် လက်ယာဘက်ခြမ်း (၇၇)ဧကရှိသော ဧရိယာတွင်




၁။ ငှက်ဖျားရောဂါပျောက် ပရဆေးပင်များ

၂။ အဆုတ်(တီဘီ) ရောဂါပျောက် ပရဆေးပင်များ

၃။ ရခိုင်၊ ချင်း၊ မန္တလေး၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းများမှ ပရဆေးပင်များ

၄။ မျက်စိပဒသာရှိသောအမြဲစိမ်းသစ်ပင်ကြီးများ၊ပန်းအလှ ပင်များ၊ စားသုံးသီးပင်များ စိုက်ပျိုး မည် ဖြစ်ပါသည်။

## ဆောင်ရွက်ပြီးစီးမှုအခြေအနေ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် (၃၀-၁၂-၂၀၁၇)ရက်နေ့ထိဆောင်ရွက် ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(၁) **မျိုးစင်တည်ဆောက်ခြင်း**

နေပြည်တော်ရှိ ◌ိသဘာဝပရဆေးဥယျာဉ်အတွင်းတွင် (၆၀x၃၀)ပေ မျိုးဥယျာဉ်တစ်ခု တည်ဆောက်ပြီးဖြစ်ပါသည်။ အုတ်ဖိနပ်ခံ၊ အရိပ်စ (Net) မိုးပါသည်။ ပရဆေးမျိုးပေါင်း (၅၀)မျိုးနှင့် ရှားပါးပရဆေးပင်များ၊ သစ်ခွများကို အိုးဖြင့်၎င်း၊ မျိုးထုတ်များဖြင့်၎င်း ပြသထားပါသည်။



(၂) **မျိုးစုဆောင်းပြီးစီးခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောက်ပါအတိုင်း ပရဆေးမျိုးပင်များ စုဆောင်းပြီးဖြစ်ပါသည်။



| ပရဆေးမျိုးပင် | လျာထား(မျိုး) | စုဆောင်းပြီး(မျိုး) | အပင်ပေါင်း |
|---|---|---|---|
| ၄က်ဖျားရောဂါအတွက် ပရဆေးပင် | ၂၀ | ၂၀ | ၅၁၇ |
| အဆုတ်(တီဘီ)ရောဂါအတွက်ပရဆေးပင် | ၂၂ | ၂၂ | ၇၁၂ |
| ပြည်နယ်တိုင်းများမှထင်ရှားသောပရဆေးပင်များ | ၁၈ | ၂၀ | ၄၀၅၅ |
| အခြားပရဆေးပင်များ | - | ၃၅ | ၆၀၉၀ |
| အမြဲစိမ်းပသာဒအပင်များ | | | |
| (ပန်း) | ၁၅ | ၁၅ | |
| (အပင် ) | ၁၇ | ၁၅ | |

(၃) **အောက်ခြေရှင်းမြက်ခုတ်ခြင်း**

တာဝန်ခွဲဝေချထားသည့်(၇၇)ဧကအား အောက်ခြေရှင်း မြက်ခုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ပထမအကြိမ် စက်တင်ဘာလအတွင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ မိုးများသောကြောင့် သစ်ငုတ်များအပင် ထပ်ပေါက်၍ ဒုတိယအကြိမ်တွင်အောက်ခြေ ရှင်းလင်းစနစ်ဖြင့် ထပ်မံဆောင် ရွက်ရပါသည်။



## ဆေးဖက်ဝင်သစ်ခွများစိုက်ပျိုးခြင်း

အဓိကဆေးဖက်ဝင်သစ်ခွ(၅)မျိုးကို တိုင်စနစ်ဖြင့်၎င်း၊ ပျိုးရုံ ဖြင့်၎င်း စိုက်ပျိုးပြသထားပါသည်။



| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ဒေါင်းမြီးသစ်ခွ | ၅၀၀ |
| ၂ | ရွှေတူလက်တံရှည် | ၈၅၀ |
| ၃ | အာမဲလက်တံတို | ၄၀၀ |
| ၄ | အာမဲလက်တံရှည် | ၄၀၀ |
| ၅ | မဟာဒေဝီ | ၅၀၀ |
| ၆ | ဂနိုင်နဘေးပေါက် | ၂၅၀ |

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင် ရွက်ရသောဇရိယာအတွင်းရှိ တောင်ကုန်းများတွင်နှစ်ရှည် ပရဆေးပင်များကိုလည်း စိုက်ပျိုးထားရှိရာ (၁၄)မျိုး အပင်ပေါင်း (၆၆၀၀) ထိ စိုက်ပျိုး ပြီးဖြစ်ပါသည်။

| အပင်အမည် | ပင် | အမည် | ပင် |
|---|---|---|---|
| ကပေတိုး | ၃၀၀ | ပိုးစာ | ၁၀၀ |
| သနပ်ခါး | ၂၅၀ | လွှက် | ၄၀၀ |
| သစ်ကြံပိုး | ၂၀၀ | နဂါးမောက် | ၁၃၆၀ |
| ဇီး | ၃၅၀ | ဆေးဖက်ဝင်သစ်ခွ | ၂၆၃၀ |
| ဂရိတ်ဖရု | ၁၃၇ | စန္ဒကူး | ၂၀၀ |
| ရဲယို | ၅၀ | ယူကလစ်ဆီမွှေး | ၂၁၀ |
| ကော်ဖီ | ၄၀၀ | စွန်ပလွန် | ၁၃ |

## အပင်စိုက်ပျိုးခြင်း

**ငှက်ဖျားရောဂါ**ပျောက်ကင်းစေနိုင်သော ပရဆေးမျိုးလျာထား(၂၀)မျိုးရှိပြီး အားလုံးစိုက်ပျိုးပြီးစီးပြီး ဖြစ်ပါသည်။ စိုက်ပျိုးထား သောအပင် ပေါင်း(၅၁၇)ပင် ရှိပါသည်။



| စဉ် | အမည် | အရေအတွက် | စဉ် | အမည် | အရေအတွက် |
|---|---|---|---|---|---|
| ၁ | ယူကလစ်ဆီမွှေး | ၅ | ၁၁ | ကန့်ချုပ်နီ | ၂၀ |
| ၂ | တမာ | ၃ | ၁၂ | ဒေါနရွှေဝါ | ၁၀၀ |
| ၃ | ကင်ပွန်းချဉ် | ၈ | ၁၃ | စယို | ၂၀ |
| ၄ | ဆင်တုံးမနွယ် | ၈ | ၁၄ | ခွေးတောက် | ၈ |
| ၅ | ရှဉ့်မတက် | ၈ | ၁၅ | ငဖုံးဆေး | ၈ |
| ၆ | ဘုမ္မရာဇာ | ၂၀ | ၁၆ | စပါးလင် | ၃ |
| ၇ | ပိတ်ချင်း | ၅၀ | ၁၇ | ချင်း | ၂၀ |
| ၈ | ဆင်ကိုနှာ | ၄ | ၁၈ | မဲဒီဒုတ် | ၁၀၀ |
| ၉ | ခန်းတောက် | ၂၀ | ၁၉ | ယင်းပြား | ၅၀ |
| ၁၀ | ငရုတ်ကောင်း | ၁၂ | ၂၀ | ငရုတ် | ၅၀ |

**အဆုတ်(တီဘီ)ရောဂါ**ပျောက်ကင်းစေနိုင်သော ပရဆေးပင်များလျာထား(၂၂)မျိုးရှိပြီး အားလုံးစိုက်ပျိုးပြီး ဖြစ်ပါသည်။ စိုက်ပျိုးပြီး အပင်ပေါင်း( ၇၁၂) ရှိပါသည်။



| စဉ် | အမည် | အရေအတွက် | စဉ် | အမည် | အရေအတွက် |
|---|---|---|---|---|---|
| ၁ | ရဲယို | ၈ | ၁၂ | ပျဉ်းတော်သိမ် | ၁၂ |
| ၂ | မရိုး | ၁၆ | ၁၃ | လောက်သေ | ၃၀ |
| ၃ | ပိတ်ချင်း | ၅၀ | ၁၄ | တံငါငရုတ် | ၁၀၀ |
| ၄ | ဖုန်းမသိမ် | ၆ | ၁၅ | ရှားစောင်းမြင်းနား | ၂၄ |
| ၅ | ကြောင်လျှာ | ၈ | ၁၆ | ကြောင်ပန်းလေး | ၂၀ |
| ၆ | ပဒဲကော | ၂၀ | ၁၇ | မိုးကောင်းပန်းညို | ၁၅၀ |
| ၇ | ပင်စိမ်းနက် | ၅၀ | ၁၈ | ရှားစောင်းလက်ညှိုး | ၃၀ |
| ၈ | သစ်ဆိမ့် | ၁၀ | ၁၉ | မုယားကြီးရွက်ပါး | ၃ |
| ၉ | ဒန္တသုခ | ၁၀၀ | ၂၀ | ကွမ်းစားဂမုန်း | ၂၄ |
| ၁၀ | နဂါးစက် | ၃၀ | ၂၁ | စည်းရိုးကနစို | ၁၂ |
| ၁၁ | ကရဝေး | ၃ | ၂၂ | တပင်တိုင်မြနန်း | ၆ |

ပြည်နယ်နှင့်တိုင်းများဖြစ်သည့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ချင်းပြည်နယ်များမှ ပရဆေးပင်များစိုက်ပျိုးထားရှိမှုအခြေအနေမှာ အမျိုးပေါင်း(၂၈)မျိုးနှင့် အပင်ပေါင်း(၄၀၅၅)ပင် စိုက်ပျိုးပြီး ရှားပါး ပရဆေးပင် (၅) မျိုး ကိုလည်း စိုက်ပျိုးထားပြီးဖြစ်ပါသည်။

**မန္တလေးတိုင်းမှ စိုက်ပျိုးထားသော ပရဆေးပင်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်။**

| စဉ် | ပရဆေးအမည် | အရေအတွက် |
|---|---|---|
| ၁ | ဘားကြော | ၂၀၀ |
| ၂ | မင်းသော် | ၁၀၀၀ |
| ၃ | တောကြောင်ပန်း | ၅ |
| ၄ | တပင်ရွှေထီး | ၃၀ |
| ၅ | စန္ဒကူး | ၁၀၀ |
| ၆ | ကော်ဖီ | ၁၀၀ |



**မကွေးတိုင်းမှစိုက်ပျိုးထားသော ပရဆေးပင်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်။**

| စဉ် | ပရဆေးအမည် | အရေအတွက် |
|---|---|---|
| ၁ | ရှားစောင်းမြင်းနား | ၂၀ |
| ၂ | ရှားစောင်းလက်ပတ် | ၅၀ |
| ၃ | ရှားစောင်းသိင်္ဂနိတ် | ၁၀၀ |
| ၄ | တမာ | ၅၀ |
| ၅ | ၁၂ ရာသီ | ၅ |





**ပဲခူးတိုင်းမှစိုက်ပျိုးထားသော ပရဆေးပင်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်။**

| စဉ် | ပရဆေးအမည် | အရေအတွက် |
|---|---|---|
| ၁ | ကောလိသိမ် | ၁၀ |
| ၂ | ခရာဖြူ(ပျားမြီးဆွဲ) | ၂၀ |
| ၃ | သကြားမကိုင်း | ၂၀ |
| ၄ | ငရုံပတူ | ၂၀ |
| ၅ | လင်းနေ | ၁၀ |



## ရခိုင်ပြည်နယ်မှ စိုက်ပျိုးထားသောပရဆေးပင်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်။

| စဉ် | ပရဆေးအမည် | အရေအတွက် |
|---|---|---|
| ၁ | ကလိန် | ၃ |
| ၂ | လင်းနေ | ၁၀ |
| ၃ | ငရုတ်ကောင်း | ၁၀၀ |
| ၄ | မင်းသော် | ၁၂၀ |



## ချင်းပြည်နယ်မှ စိုက်ပျိုးထားသောပရဆေးပင်များ မှာ အောက်ပါအတိုင်းဖြစ်ပါ သည်။



| စဉ် | ပရဆေးအမည် | အရေအတွက် |
|---|---|---|
| ၁ | ဆေးဖက်ဝင်သစ်ခွ (သစ်ပင်ကပ်) | ၂၀၀၀ |
| ၂ | နတ်ဆေးဂမုန်း (အိုး) | ၃ |
| ၃ | မရှော့ပင် | ၂ |
| ၄ | တောင်လုံးကျော် (အိုး) | ၂ |
| ၅ | ကျောက်ထင်းရှူး(အိုး) | ၂ |
| ၆ | ဂင်ဂို (အိုး) | ၂ |
| ၇ | ပိုးစာ | ၅၀ |
| ၈ | လက်ဖက် | ၅၀ |
| ၉ | တောင်ဇလပ်(အိုး) | ၁ |

### လျှောက်လမ်းဖောက်လုပ်ခြင်း



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပရဆေးဥယျာဉ် အတွင်း လူသွားလမ်းအဖြစ် အကျယ် (၈)ပေရှိသော မြေသားလမ်းအရှည် (၄၈၁)ပေ ဖောက်လုပ်ပြီးဖြစ်ပါသည်။

### ရေကန်တူးခြင်း



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ကွင်းအတွက် မျက်စိပသာဒရှိစေရန်နှင့် သုံးရေရရှိစေရန် မြေသားရေကန် (၂)ကန် အား တူးဖော်ထားပြီးဖြစ်ပါသည်။

## လုပ်ငန်းကြီးကြပ်မှုအစီအစဉ်



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်လျက်ရှိသောဧရိယာအား လုပ်ငန်းပီပြင်စေရန်နှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုတိုးတက်စေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျွမ်းကျင်ဝန်ထမ်းများ၊ သက်ဆိုင်ရာအကြီးအကဲများမှ ကွင်းဆင်းကြည့်ရှုပြီး ပံ့ပိုးကူညီဆောင်ရွက်လျက် ရှိပါသည်။